Interim Executive Council
Karenni State

Contact Number: +66 955751317, Email: IEC_dept.humanitarian@protonmail.com

**ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ**
**လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန**


**ကြေညာချက်အမှတ် (၃/၂၀၂၄)**
**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်**

# “ကရင်နီပြည်စစ်ဘေးနှင့် ရေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ အကူအညီများ ပန်ကြားဖိတ်ခေါ်ခြင်း”


၂၀၂၄ခုနှစ်၊ စက်တင်ဘာလ အစောပိုင်းကာလမှစ၍ ယာဂီမုန်တိုင်းအရှိန်ကြောင့် ကရင်နီပြည် နေရာဒေသအနှံ့ ရေကြီးရေလျှံ မြေပြိုခြင်းများကြောင့် အသက်သေဆုံးရခြင်း၊ လမ်းတံတားပျက်စီးခြင်း၊ ကျေးရွာနေအိမ်များ ရေလွှမ်းပျက်စီးခြင်း၊ စပါးခင်းနှင့် စိုက်ပျိုးသီးနှံခင်းများစွာ ရေလွှမ်းပျက်စီးသွားခဲ့ ရသည်။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ပြည်ထဲရေးဌာန၊ လူသားချင်း စာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာနတို့ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ထိခိုက်ပျက်စီးမှုများဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ အချက်အလက်ကောက်ယူ စီမံခန့်ခွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်ဖြေရှင်းနိုင်ရေး ယန္တရားများ ထူထောင်ခြင်းစသည့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ခဲ့ပါသည်။ ရေဘေးသင့် ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကနဦး တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကူညီပံ့ပိုးမှုများကို မိဘပြည်သူများနှင့် အစုအဖွဲ့အသီးသီးတို့၏ ပံ့ပိုးမှုဖြင့် ဦးဆောင်ပူးပေါင်း၍ တုံ့ပြန်ကူညီဖြေရှင်းမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သည့်တိုင် ကရင်နီပြည်အတွင်း ကြုံတွေ့နေရသော သဘာဝဘေးဆိုင်ရာ အကျပ်အတည်းများနှင့် လူသားချင်းဆိုင်ရာ အကူညီလိုအပ်ချက်များသည် အလွန်ကြီးမားနေဆဲ ဖြစ်သည်။ အတိဒုက္ခရောက်နေသော ပြည်သူများ၏ လူမှုဘဝကို လစ်လျူရှုလျက်ရှိသော တရားမဝင် အာဏာသိမ်း စစ်တပ်သည် သဘာဝဘေးနှင့် စစ်ပဋိပက္ခဒဏ်ကြောင့် ပြည်သူများ၏ လူသားချင်း စာနာထောက်ထားမှု အကူညီများအား ထိန်းချုပ်ထားခြင်း၊ အကူအညီပေးသည့် အဖွဲ့အစည်းများကို ကန့်သတ်ခြင်းနှင့် ကုန်စည်စီးဆင်းမှုအား တားမြစ်ထိန်းချုပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ သို့ပါသောကြောင့် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လူသားချင်း စာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာနမှ စစ်ဘေးရှောင်ပြည်သူနှင့် ရေဘေးသင့် ပြည်သူများ၏ ကြုံတွေ့နေရသော အခက်ခဲစိန်ခေါ်မှုများကို နိုင်ငံတကာမှ သိရှိပြီး စာနာထောက်ထားခြင်းဖြင့် ပြည်သူလူထု၏ နစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစား ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးမှုများ ထပ်မံ တိုးမြှင့်လုပ်ဆောင်ပေးနိုင်ကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

## ၁။ မြို့နယ်အလိုက် ရေကြီးရေလျှံမှုဘေးဒဏ်ကို ခံခဲ့ရသော အချက်အလက်များ -

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ အစောပိုင်းကာလ ယာဂီမုန်တိုင်းအရှိန်ကြောင့် ကရင်နီပြည်အတွင်း ရေကြီးရေလျှံ မြေပြိုဘေးကို ဖယ်ခုံမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ နန်းမယ်ခုံမြို့နယ်၊ ဒီးဘောင်းခူမြို့နယ်၊ ဒီးမော့ဆို(အရှေ့)မြို့နယ်၊ ဟိုယာမြို့နယ်၊ ဘောလခဲမြို့နယ်၊ မော်ချီးဒေသ၊ ဆိုမို/ဖေစိုးလေးမြို့နယ်(ရှားတော)နှင့် မယ်စဲ့မြို့နယ်တို့တွင် စစ်ဘေးရှောင်စခန်း (၁၆) ခုနှင့် ကျေးရွာ (၅၄) ရွာတွင် ဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။




## မြို့နယ်အလိုက် သဘာဝဘေးခံစားရသော အရေအတွက်




## သဘာဝဘေးခံစားရသော လူဦးရေ

| | |
|---|---|
| လှိုင်ကော် | ၁၆,၃၈၂ |
| ဒီးမော့ဆို (အရှေ့) | ၂,၅၆၆ |
| နန်းမယ်ခုံ | ၂,၀၆၃ |
| ဖယ်ခုံ | ၆,၅၅၁ |
| ဖွဲ့ဘော်ခွတ် | ၁၉၃ |
| ဖားဆောင်း | ၂၈၅ |
| ဘောလခဲ | ၅၀၀ |
| မယ်စဲ့ | ၇၃၇ |
| ဆိုမို/ဖေစိုးလေး | ၅၀၂ |

## ပျက်စီးသွားသော စိုက်ပျိုးဧက

| | |
|---|---|
| လှိုင်ကော် | ၁၈,၁၃.၇၄ |
| ဒီးမော့ဆို (အရှေ့) | ၆၇၉ |
| နန်းမယ်ခုံ | ၃,၈၄၅.၉၆ |
| ဖယ်ခုံ | ၄,၀၈၈.၇၁ |
| ဖားဆောင်း | ၁၂၉ |
| ဆိုမို/ဖေစိုးလေး | ၃၁၁ |

## အသက်ဆုံးရှုံးမှု အရေအတွက်

| | | | |
|---|---|---|---|
| လှိုင်ကော် | ၃ | ဖယ်ခုံ | ၃ |
| ဒီးဘောင်းခူ | ၁၈ | ဆိုမို/ဖေစိုးလေး | ၁ |

## ၂။ ရေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်ချက်များ -

### (က) စားနပ်ရိက္ခာ (Provision of basic food)



**3,056,817 USD**

စစ်ပဋိပက္ခဒဏ်နှင့် သဘာဝဘေးဒဏ်များကို ထိခိုက်ခံစားရသော စစ်ရှောင် လူဦးရေ **(၁၅၀,၀၀၀)** အတွက် တစ်လတာ စားနတ်ရိက္ခာ လိုအပ်ချက်

### (ခ) ပျက်စီးသွားသော အိမ်ရာများ ပြန်လည်ထူထောင်ခြင်း



**737,500 USD**

သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အိမ်ရာ **(၁၉၄၇)** စု ပြန်လည်ထူထောင်ရန် လိုအပ်ချက်

### (ဂ) ရေလွှမ်းပျက်စီး လယ်ယာ စိုက်ပျိုးသီးနှံခင်းများ ပြန်လည်ကုစားခြင်း



**3,567,584 USD**

လတ်တလောတွင် ရေကြီးရေလျှံမှုကြောင့် ရေလွှမ်းပျက်စီး စိုက်ပျိုး လယ်ယာမြေ **(၁၀၈၆၇.၄၁)** ဧကပြန်လည်ကုစားရန် လိုအပ်ချက်

### (ဃ) အိမ်အသုံးအဆောင်ပစ္စည်းများ



**39,333 USD**

သဘာဝဘေးဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ မိသားစု **(၁၉၄၇)** စု၏ အိမ်အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးရန် လိုအပ်ချက်


Department of Humanitarian & Rehabilitation
Interim Executive Council of Karenni State

လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန

**Department of Humanitarian and Rehabilitation**

ဆက်သွယ်ရန် -

**Telegram/ Signal Number: +66955751317**